# ဓမ္မခန္ဓာ (၆၅) ကွာရှင်းပြတ်စဲခြင်း (အလ် တွလာ့က်)

ဥဒ္ဒါဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၉)၊ သုတ်ဒေသနာ (၁၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللّهِ الرَّحْمـَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>၁၀၃၄<br><br>နောက်မီးလင်းခြင်း | يَا أَيُّهَا النَّبِيُّ إِذَا طَلَّقْتُمُ النِّسَاء فَطَلِّقُوهُنَّ لِعِدَّتِهِنَّ وَأَحْصُوا الْعِدَّةَ وَاتَّقُوا اللَّهَ رَبَّكُمْ لَا تُخْرِجُوهُنَّ مِن بُيُوتِهِنَّ وَلَا يَخْرُجْنَ إِلَّا أَن يَأْتِينَ بِفَاحِشَةٍ مُّبَيِّنَةٍ وَتِلْكَ حُدُودُ اللَّهِ وَمَن يَتَعَدَّ حُدُودَ اللَّهِ فَقَدْ ظَلَمَ نَفْسَهُ لَا تَدْرِي لَعَلَّ اللَّهَ يُحْدِثُ بَعْدَ ذَلِكَ أَمْرًا ۞<br>အို သတင်းတော်ဆောင်၊ သင်တို့သည် အမျိုးသမီးတို့အား ကွာရှင်းပြတ်စဲကြသော်၊ သူမတို့၏ စောင့်ဆိုင်းရက်စေ့မှ ကွာရှင်းပြတ်စဲကြလော့။ စောင့်ဆိုင်းရက်ကို ရေတွက်ကြလော့။ သင်တို့၏ ကံကြမ္မာရှင် ဖြစ်သော ပရမတ်ဘုရားရှင်အား စည်းစောင့်ကြကုန်လော့။ သူမတို့အား အိမ်မှ မောင်းမထုတ်ကြလင့်၊ ရှင်းလင်းစွာသော **မကြားဝံ့မနာသာ ပြုခြင်း**မှ အပ ထွက်လည်း မသွားစေလင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ စည်းမျဉ်း ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စည်းမျဉ်းအား ကျော်လွန်ဖေါက်ဖျက်သူသည် သူ့စရိုက်ကို သူ အမိုက်စီးသူ ဖြစ်၏။ ဤ အစီအမံ ပြီးနောက် ပရမတ်ဘုရားရှင်က မည်သို့ ဆင့်ပြန်နိုင်သည်ကို သင်တို့ မမျှော်မြင်နိုင်ကြချေ။[၁၀၃၄] |
| ၂။ | فَإِذَا بَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ أَوْ فَارِقُوهُنَّ بِمَعْرُوفٍ وَأَشْهِدُوا ذَوَيْ عَدْلٍ مِّنكُمْ وَأَقِيمُوا الشَّهَادَةَ لِلَّهِ ذَلِكُمْ يُوعَظُ بِهِ مَن كَانَ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مَخْرَجًا ۞<br>သူမတို့အတွက် ကာလ ပြည့်စုံဆိုက်ရောက်သော်၊ သူမတို့အား မျှမျှတတ ပြန်ပေါင်းကြလော့၊ သို့မဟုတ် မျှမျှတတ လွှတ်လပ်စေကြလော့။ သင်တို့အနက်မှ တရားမျှတသော သက်သေ နှစ်ဦး ရှိစေ၍၊ ပရမတ်ဘုရားရှင်ဘက်၌ ရပ်တည်လျက် သက်သေခံစေကြလော့။ ဤသည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလအား ယုံကြည်ခြင်း၌ ရှိသူတို့အတွက် အဆုံးအမပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်သော သူအတွက် အရှင်သည် ထွက်ပေါက်လမ်းကို စီရင်ပေး၍–[၁၀၃၅] |
| ၃။ | وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ وَمَن يَتَوَكَّلْ عَلَى اللَّهِ فَهُوَ حَسْبُهُ إِنَّ اللَّهَ بَالِغُ أَمْرِهِ قَدْ جَعَلَ اللَّهُ لِكُلِّ شَيْءٍ قَدْرًا ۞ |

---

**(၁၀၃၄)** လင်းခန်းမယားခန်း ကွာရှင်းပြတ်စဲခြင်းကို ရိုးရာ အစဉ်အလာအားဖြင့် ဆုံးဖြတ်ခြင်းအား အစ္စလာမ်သာသနာက လက်မခံချေ။ လင်မယား ကွာရှင်းလိုလျှင် အမျိုးသမီးအား စောင့်ဆိုင်းကာလ အတိုင်း စောင့်ဆိုင်းနေစေရမည် ဖြစ်သည်။ စောင့်ဆိုင်းကာလကို ၂း၂၂၈ တွင် ပြဋ္ဌာန်းထားပေသည်။ ထိုစောင့်ဆိုင်းကာလကို သဘာဝအတိုင်း မဟုတ်သော နည်းဖြင့် ဆေးသောက်ခြင်း၊ ဆေးထိုးခြင်းများဖြင့် ပြုပြင်ပြောင်းလဲခြင်း မလုပ် နိုင်စေရန် ၆၅း၄ တွင်လည်း အတိအကျ ပြောဆိုထားပေသည်။ ဤစောင့်ဆိုင်းကာလ အတွင်းတွင် လင်ယောကျ်ားဖြစ်သူသည် အမျိုးသမီးအား ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း စိတ်ညစ်၍ ထွက်ပြေးအောင် လုပ်ခြင်းများ လုံးဝ မပြုလုပ်ရပေ။ အမျိုးသမီးအနေဖြင့် နောက်မီးလင်း၍ အိမ်မှ ထွက်ပြေးသွားခြင်းသည် ချွင်းချက်ဖြစ်သည်ဟု ဤသုတ်တော်တွင် အတိအကျ ပြဋ္ဌာန်းထားပေသည်။

**(၁၀၃၅)** ကျမ်းမြတ်ကုရ်အံ၏ ချမှတ်ပြဋ္ဌာန်းပေးသော စည်းကမ်းအရ သမာဓိရှိသော သက်သေသက်ကန် မရှိဘဲ ကွာရှင်းပြတ်စဲခြင်းသည် အထမြောက်သော ကွာရှင်းခြင်း မဟုတ်ချေ။ ကျမ်းမြတ်ကုရ်အံအား နေ့စဉ်နှင့်အမျှ ဖတ်ရွတ်နေသော ဆရာတော်ကြီးများ အနေဖြင့် ဤသို့ ရှင်းလင်းသော ဥပဒေများကို ပိုမို နားလည်၍ ပိုမို ဂရုစိုက်သင့်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | သူ မတွေးထင်ထားသော နေရာများမှ ရိက္ခာများထောက်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်အား ယုံစားပုံအပ်သူ၊ သူ့အတွက် ပရမတ်ဘုရားရှင်သည် လုံလောက်တော်မူ၍၊ အရှင်သည် အစီအမံအား ရင့်သန်စေတော်မူလတ္တံ့။ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား မုချ စည်းချိန်ချမှတ် စီရင်တော်မူ၏။ |
| ၄။ | وَاللَّائِي يَئِسْنَ مِنَ الْمَحِيضِ مِن نِّسَائِكُمْ إِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلَاثَةُ أَشْهُرٍ وَاللَّائِي لَمْ يَحِضْنَ وَأُولَاتُ الْأَحْمَالِ أَجَلُهُنَّ أَن يَضَعْنَ حَمْلَهُنَّ وَمَن يَتَّقِ اللَّهَ يَجْعَل لَّهُ مِنْ أَمْرِهِ يُسْرًا ۞<br>သင်တို့၏ အမျိုးသမီးများမှ အရွယ်လွန်သွေးဆုံး၍ သူမတို့အတွက် သံသယ ဖြစ်နေလျှင် သူမတို့၏ စောင့်ဆိုင်းရက်မှာ သုံးလ ဖြစ်စေရမည်။ ရာသီသွေးမလာသော သူမ– သူမသည် ကိုယ်ဝန်ဆောင်ဖြစ်လျှင် သူမတို့ စောင့်ဆိုင်းကာလမှာ သူမတို့၏ ကိုယ်ဝန်ကို မွေးဘွားပြီးချိန်ထိ ဖြစ်စေရမည်။ ပရမတ်ဘုရားရှင်အား စည်းစောင့်သူ၊ သူ့အတွက် အရေးကိစ္စများကို လွယ်ကူစေရန် အရှင်က စီရင်ပေးမည်ပင်။ |
| ၅။ | ذَلِكَ أَمْرُ اللَّهِ أَنزَلَهُ إِلَيْكُمْ وَمَن يَتَّقِ اللَّهَ يُكَفِّرْ عَنْهُ سَيِّئَاتِهِ وَيُعْظِمْ لَهُ أَجْرًا ۞<br>ဤသည် သင်တို့ထံသို့ ချမှတ်ပေးသော ပရမတ်ဘုရားရှင်၏ အစီအမံများပင် ဖြစ်၏။ ပရမတ်ဘုရားရှင်အား စည်းစောင့်သောသူ ထိုသူ၏ အကုသိုလ်များကို ဖုံးကွယ်ပေး၍၊ သူ့အတွက် အကျိုးဆုအား ကြီးမားစေလတ္တံ့။ |
| ၆။ | أَسْكِنُوهُنَّ مِنْ حَيْثُ سَكَنتُم مِّن وُجْدِكُمْ وَلَا تُضَارُّوهُنَّ لِتُضَيِّقُوا عَلَيْهِنَّ وَإِن كُنَّ أُولَاتِ حَمْلٍ فَأَنفِقُوا عَلَيْهِنَّ حَتَّى يَضَعْنَ حَمْلَهُنَّ فَإِنْ أَرْضَعْنَ لَكُمْ فَآتُوهُنَّ أُجُورَهُنَّ وَأْتَمِرُوا بَيْنَكُم بِمَعْرُوفٍ وَإِن تَعَاسَرْتُمْ فَسَتُرْضِعُ لَهُ أُخْرَى ۞<br>သင်တို့၏ တတ်နိုင်အားဖြစ်သော သင်တို့ နေထိုင်ရာများ၌ သူမတို့အား နေထိုင်စေကြလော့။ သူမတို့အား စိတ်ဆင်းရဲစေရန် မထိခိုက်ကြလင့်။ သူမတို့သည် ကိုယ်ဝန်ဆောင်များ ဖြစ်ကြလျှင် သူမတို့တို့ ကိုယ်ဝန်အား မွေးဘွားပြီးသည်အထိ ပေးကမ်းသုံးစွဲကြလော့။ သင်တို့ကိုယ်စား နို့တိုက်ကျွေးသူ ဖြစ်လျှင် သူမတို့အား အကျိုးခံစားခွင့် ပေးကြလော့။ သင်တို့ချင်းကြား မျှမျှတတ စီမံပြောဆိုကြလော့။ သင်တို့သည် သဘောတူညီမှု မရှိလျှင် အခြားတစ်ဦးအား ၎င်းအတွက် နို့ထိန်းဖြစ်စေလော့။ |
| ၇။ | لِيُنفِقْ ذُو سَعَةٍ مِّن سَعَتِهِ وَمَن قُدِرَ عَلَيْهِ رِزْقُهُ فَلْيُنفِقْ مِمَّا آتَاهُ اللَّهُ لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا مَا آتَاهَا سَيَجْعَلُ اللَّهُ بَعْدَ عُسْرٍ يُسْرًا ۞<br>ကြွယ်ဝပေါများခြင်းကို ပိုင်သူအား သူ့စည်းချိန်အလျောက် ၎င်းအတွက် ပေါကြွယ်စွာ သုံးစွဲစေ၍၊ ကျပ်တည်းသူအား သူ့အတိုင်းနှင့်သူ ပရမတ်ဘုရားရှင် ချီးမြှင့်သလောက်နှင့် သုံးစွဲစေလော့။ ပရမတ်ဘုရားရှင်သည် မည်သည့် ဉာဉ်စရိုက်ကိုမျှ အရှင် ချီးမြှင့်သည်ထက် ဝန်မပိစေပေ။ ပရမတ်ဘုရားရှင်သည် ခက်ခဲမှုနောက်၌ လွယ်ကူမှုကို စီရင်ပေးတော်မူမည်ပင်။ |
| ၈။ | وَكَأَيِّن مِّن قَرْيَةٍ عَتَتْ عَنْ أَمْرِ رَبِّهَا وَرُسُلِهِ فَحَاسَبْنَاهَا حِسَابًا شَدِيدًا وَعَذَّبْنَاهَا عَذَابًا نُّكْرًا ۞<br>မည်မျှသော အရပ်ဒေသတို့သည် ကံကြမ္မာရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ထောင်ထားခြားနားကြသနည်း၊ သို့ဖြင့် အရှင်သည် ပြတ်သားသော စာရင်းရှင်းခြင်းဖြင့် စာရင်းရှင်းတော်မူခဲ့၏။ ထို့နောက် နောက်ဆက်တွဲ ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေခဲ့၏။ |
| ၉။ | فَذَاقَتْ وَبَالَ أَمْرِهَا وَكَانَ عَاقِبَةُ أَمْرِهَا خُسْرًا ۞<br>၎င်း အစီအမံများ၏ အကျိုးဆက်ကို မြည်းစမ်းစေ၏။ ၎င်း၏ ဇတ်သိမ်း အစီအမံမှာ လုံးပါးပျက်စီးခြင်းပင် ဖြစ်၏။ |
| ၁၀။ | أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ الَّذِينَ آمَنُوا قَدْ أَنزَلَ اللَّهُ إِلَيْكُمْ ذِكْرًا ۞ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် သူတို့အတွက် ပြတ်သားသော ဝဋ်ကြွေးကို ပြင်ဆင်ထားပြီ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။ အို ပညာရှိသောသူ၊ ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်သည် သင်တို့အပေါ်၌ မျှချ ချမှတ်ပေးသည့် သတိဖေါ်တရားဖြစ်သော– |
| ၁၁။ | **رَّسُولًا يَتْلُو عَلَيْكُمْ آيَاتِ اللَّهِ مُبَيِّنَاتٍ لِّيُخْرِجَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنَ الظُّلُمَاتِ إِلَى النُّورِ وَمَن يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا قَدْ أَحْسَنَ اللَّهُ لَهُ رِزْقًا ۞**<br>ဉာဏ်စဉ်ဆောင်တစ်ပါးသည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို သင်တို့အား ရွတ်ဖတ်ပြပြီ– ယုံကြည်၍ ပြုပြင်ပြောင်းလဲသော သူတို့အား အမိုက်မှောင်မှ အလင်းရောင်သို့ ထွက်လာစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်အား ယုံကြည်၍၊ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူအား အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသို့ ဝင်ရောက်စေ၍၊ ထို၌ ထာဝရ ကာလမဲ့ စံစားစေမည်ပင်။ သူ့အတွက် ပရမတ်ဘုရားရှင်သည် ကောင်းမွန်သော ရိက္ခာကို မုချထောက်ပံ့မည်။ |
| ၁၂။ | **اللَّهُ الَّذِي خَلَقَ سَبْعَ سَمَاوَاتٍ وَمِنَ الْأَرْضِ مِثْلَهُنَّ يَتَنَزَّلُ الْأَمْرُ بَيْنَهُنَّ لِتَعْلَمُوا أَنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ وَأَنَّ اللَّهَ قَدْ أَحَاطَ بِكُلِّ شَيْءٍ عِلْمًا ۞**<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ ၎င်းတို့နှင့် အလားတူ ခုနစ်ဆက်ကို ဖြစ်တည်စေတော်မူ၍၊ ၎င်းတို့၏ကြား၌ စီမံချက်ကို ချမှတ်တော်မူခြင်းမှာ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်မှတ်တော်မူကြောင်းကို သိနိုင်စေရန် ဖြစ်၏။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား အသိကွန်ယက်ဖြင့် ဝန်းရံထားတော်မူ၏။[၁၀၃၆] |

---

(၁၀၃၆)ဤသုတ်တော်တွင် အလားတူသော အာကာသနှင့် မြေကမ္ဘာ ခုနစ်ဆက် (မရေတွက်နိုင်သော အစဉ်အဆက်များ) ရှိနေကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားပေသည်။ ထိုသို့ ပြောဆိုခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ဖြစ်၍၊ မည်သည့် သိပ္ပံဆိုင်ရာ ကရိယာ အထောက်အထား ရှာဖွေ တွေ့ရှိချက်များမှ မရှိသေးပေ။ ထိုသို့သော အချိန်ကာလကပင် ဤသုတ်တော်အပါအဝင် ကျမ်းတော်၏ မြောက်များစွာသော နေရာများ၌ သာမန်လူသားတို့ မံသမျက်လုံးဖြင့် မမြင် နိုင်သော အရာများကို အတိအကျ ပြောဆိုထားခြင်းများ ရှိပေသည်။ ထိုအချင်းအရာသည်ပင် ကိုယ်တော်မုဟမ္မဒ်မှာ သဗ္ဗညုတ ဉာဏ်တော်သို့ ဆိုက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများ ဖြစ်တော့သည်။ (အာကာခုနစ်ဆက်– ကို ၂း၂၉ တွင်လည်းကောင်း၊ ၂၃း၁၇ တွင်လည်းကောင်း ကြည့်ရှုပါ။)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com